# ဓမ္မသတ်စကားပြေလေ့လာချက်

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း


မစန္ဒာဦး

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၇ခုနှစ်၊ မေလ

## ကျမ်းအကျဉ်းချုပ်

ပါရဂူဘွဲ့အတွက် တင်သွင်းသော ကျမ်းအမည်မှာ 'ဓမ္မသတ်စကားပြေလေ့လာချက်' ဖြစ်သည်။ ကျမ်းပြုစုရခြင်းရည်ရွယ်ချက်မှာ မြန်မာစာပေတွင် လေ့လာမှုအားနည်းသော ဓမ္မသတ်စာပေကို ဖော်ထုတ်တင်ပြလိုခြင်းဖြစ်ပါသည်။ လေ့လာသည့်အကြောင်းအရာမှာ ဓမ္မသတ်စကားပြေ၏ သဘောသဘာဝနှင့် အရေးအသားတို့အကြောင်းဖြစ်ပါသည်။ ဓမ္မသတ်စကားပြေများထဲမှ ဓမ္မဝိလာသဓမ္မသတ်၊ မနုသာရ ဓမ္မသတ်ကျမ်းဟောင်း ၊ မနုရင်း ဓမ္မသတ်ကျော် နှင့် မနုကျယ် ဓမ္မသတ်တို့ကိုလေ့လာတင်ပြထားပါသည်။ဓမ္မသတ်စကားပြေ၏ အခြားစကားပြေနှင့် မတူသော အကြောင်းအရာ၊ အရေးအသားကို ဖော်ထုတ်တင်ပြထားပါသည်။ ယခုလေ့လာထားသည့် ဓမ္မဝိလာသဓမ္မသတ်သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံး ဓမ္မသတ်ဖြစ်ပြီး မနုရင်းဓမ္မသတ်ကို အမှီပြု၍ရေးသားထားခြင်းဖြစ်သည်။ထိုဓမ္မဝိလာသ ဓမ္မသတ်ကိုမှီး၍ ကျန် ဓမ္မသတ်တို့မှာ အခြေခံဖြစ်သော တရားရိုး(၁၈)ပါးနှင့်အညီစီရင်ကြသည်ကိုတွေ့ရပေသည်။ မနုကျယ် ဓမ္မသတ်သည် ဓမ္မဝိလာသဓမ္မသတ်လာ တရားရိုး(၁၈)ပါးကိုအခြေခံပြီး အရပ်ရပ်ထွက် ဓမ္မသတ်တို့နှင့်ညှိနှိုင်း၍တင်ပြထားသဖြင့် ပို၍ရှင်းလင်းလွယ်ကူပါသည်။ထိုဓမ္မသတ် စကားပြေတို့မှအခြားစကားပြေများနှင့် မတူသောခေတ်ကာလ အသုံးအနှုန်းများ၊တရားသူကြီးတို့၏စီရင်ဆုံးဖြတ်ချက် အသုံးအနှုန်းများနှင့် အရေးအသားထူးခြားမှုများ၊ယခုခေတ်တွင် မတွေ့ရတော့သော အရေးအသား၊ အသုံးအနှုန်းတို့ကို လေ့လာတင်ပြထားပါသည်။ ဓမ္မသတ်စကားပြေလေ့လာချက် ကျမ်းသည်၊ မြန်မာစာပေအတွက် တစ်ခန်းကဏ္ဍမှ အကျိုးထူးရရှိစေနိုင်မည့် ကျမ်းတစ်စောင် ဖြစ်ပါသည်။